# ပညာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများမှ နိုင်ငံခြားသားများ၏ ဗီဇာသက်တမ်းတိုးနိုင်ရေး ထောက်ခံချက်နှင့် စပ်လျဉ်း၍ ကြေညာချက်

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများမှ နိုင်ငံခြားသားများနှင့် ၎င်းတို့၏ မိသားစုဝင်များ ဗီဇာသက်တမ်းတိုး ဆက်လက်နေထိုင်နိုင်ရေးနှင့် အကြိမ်ကြိမ်ပြည်ပြန်ဝင်ခွင့်ဗီဇာသက်တမ်းတိုး ထောက်ခံချက်ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ ယခုအခါ **"ပုဂ္ဂလိက ပညာရေးဥပဒေ"** အား ပြဋ္ဌာန်းပြီးဖြစ်ပြီး ယင်းဥပဒေ အခန်း (၅) ၊ (၉) နှင့် (၁၀) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် Myanmar Companies Online (MyCO) စနစ်တွင်မှတ်ပုံတင်ထားပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရယူသည့်ကုမ္ပဏီများနှင့် ရယူခြင်းမရှိသည့်ကုမ္ပဏီများအနက် ပညာရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်ကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်မည့် နိုင်ငံခြားသား ဝန်ထမ်းများအနေဖြင့် ထိုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပညာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီများတွင် ခန့်အပ် တာဝန်ထမ်းဆောင်မည့် (သို့မဟုတ်) ထမ်းဆောင်နေသည့် နိုင်ငံခြားသားဝန်ထမ်းနှင့် မိသားစုဝင်များ၏ လုပ်ငန်းဗီဇာထောက်ခံချက်နှင့် သက်တမ်းတိုး ထောက်ခံချက်ရရှိရေးအတွက် http://movas.dica.gov.mm နှင့် https://visaonline.dica.gov.mm တို့တွင် လျှောက်ထားရန် မလိုအပ်တော့ဘဲ ပညာရေးဝန်ကြီးဌာနသို့သာ တိုက်ရိုက်လျှောက်ထားရန် နှင့် ပညာရေးဝန်ကြီးဌာန၏ ထောက်ခံချက် ပူးတွဲတင်ပြမှုသာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန**